# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ နှင့်အဖွဲ့ဝင်များ ရုရှားနိုင်ငံ၊ မော်စကိုသို့ ရောက်ရှိခြင်း

မော်စကို - ဇွန် ၂၀ ရက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သည် ဘယ်လာရုစ်နိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor SERGEYENKO နှင့် ရုရှားနိုင်ငံ၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့၏ ဖိတ်ကြားချက်အရ 2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ်သို့တက်ရောက်ရန် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၂၀၂၆ခုနှစ်၊ ဇွန် ၁၉ ရက်နေ့ နံနက် ၀၇၃၅ နာရီအချိန် လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ သုဝဏ္ဏဘူမိလေဆိပ်သို့ ဒေသစံတော်ချိန် ၀၉၂၅ ချိန်တွင်ရောက်ရှိခဲ့ကြပြီး ၎င်းမှတစ်ဆင့် ဒေသစံတော်ချိန် ၁၃၂၀ နာရီချိန်တွင် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် ၁၉၁၅ နာရီချိန်တွင် ရုရှားနိုင်ငံ၊ မော်စကိုမြို့၊ Sheremetyevo International Airport သို့ ရောက်ရှိကြသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရုရှားနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Valerievich Kara-ool နှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်နိုင်ငံ လွှတ်တော်မှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဆိုင်ရာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကာ လေဆိပ် သီးသန့်နားနေခန်းတွင် မြန်မာ- ရုရှား- ဘယ်လာရုစ် နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ချစ်ကြည်ရေးအသင်းများဖွဲ့စည်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ယင်းနောက် မော်စကိုမြို့ရှိ ဘယ်လာရုစ်နိုင်ငံသံရုံး အတွင်းမှာရှိသည့် တည်းခိုနေထိုင်ရာသို့ သွားရောက်ခဲ့သည်။ **(သတင်းစဉ်)**